မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

October 17, 2025 Volume 95, Number 11


၁၇. ၁၀.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၅၈.၅၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၂.၆၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၉.၀၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၅.၇၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၇၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၈၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၄၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၆.၆၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၂၅ ကျပ် |

## CONTACT US


ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


# ပို့ကုန်ပဲများဈေးငြိမ်နေပြီး ပြည်တွင်းသုံးပဲများ လက်ကျန်နည်းလာ ပုံမှန်သာအရောင်းအဝယ်ရှိနေ



ပို့ကုန်ပဲများ ဈေးတည်ငြိမ်နေပြီး ပြည်တွင်းသုံးကုလားပဲအုပ်စုနှင့် ပဲမာလိုင်းများ လက်ကျန်နည်းလာပြီး ပုံမှန်သာအရောင်းအဝယ်ရှိနေကြောင်း ပဲ၊ နှမ်း ကုန်သည်များထံက သိရသည်။

အိန္ဒိယနိုင်ငံမှဝယ်ယူသည့် မြန်မာ့ပို့ကုန်ပဲများဖြစ်သည့် ပဲစင်းငုံ၊ မတ်ပဲတို့ကို အခြားနိုင်ငံများမှ ဝယ်ယူတင်သွင်းမှုများလာကြောင်း အိန္ဒိယပဲဈေးကွက်သတင်းများကြောင့် မြန်မာ့ပို့ကုန် ပဲစင်းငုံဈေးမှာ မျှော်လင့်သလောက်ဈေးမြင့်တက်လာခြင်းမရှိကြောင်း ပဲကုန်သည်များက သုံးသပ်ထားသည်။

တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့၏ ရာသီပွဲတော်များအတွက် ဝယ်ယူမှုရပ်သွားပြီးနောက် ပို့ကုန်ပဲများ ဈေးဆက်လက်မြင့်တက်ခြင်းမရှိတော့ဘဲ ဈေးငြိမ်ကာအဝယ်အေးနေကြောင်း ပြည်တွင်းသုံးပဲများမှာလည်း လက်ကျန်နည်းလာပြီး ပုံမှန်ဈေးကွက်သာရှိကြောင်း မြေပဲလုံးဆန်မှာ ယခင်သီတင်းပတ်ထက် ဈေးအနည်းငယ် ဆက်လက်မြင့်တက်လာကြောင်း ပဲကုန်သည်တစ်ဦးကပြောသည်။

အောက်တိုဘာ ၁၆ ရက်တွင် ပို့ကုန်ပဲများမှ ပဲစင်းငုံဈေးမြင့်တက်လာရာ ပဲစင်းငုံပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၃၈,၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၇၅,၀၀၀၊ ပဲတီစိမ်း (အညာ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၀,၀၀၀ အထိ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ လက်ကျန်နည်း ပုံမှန်သာအရောင်းအဝယ်ရှိနေရာ V2 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၀,၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၈,၀၀၀၊ ထိုင်ဝမ်ကုလားပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၈,၀၀၀၊

929 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ်၂၃၅,၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ အောက်တိုဘာ ၁၆ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၄၅၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၈၄၀,၀၀၀၊ ပဲနီပြာကျွန်းတစ်အိတ်လျှင် ငွေကျပ် ၅၁၀,၀၀၀၊ ပဲထောပတ်(သစ်)တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၇၅,၀၀၀၊ စားတော်ပဲ(ကနေဒါ)တစ်အိတ်လျှင် ငွေကျပ် ၃၃၀,၀၀၀ ပေါက်ဈေး ရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ အောက်တိုဘာ ၁၆ ရက်တွင် နှမ်းနက် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၇၃၀,၀၀၀၊ နှမ်းဖြူဂျပန် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၁၅,၀၀၀၊ နှမ်းဖြူ ဗမာသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀,၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၅,၀၀၀ ပေါက်ဈေးရှိနေပြီး၊ မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀၊ မြေပဲဆီ တစ်ပိဿာ ငွေကျပ် ၁၄,၅၀၀၊ ပဲဖတ် တစ်ပိဿာလျှင် ငွေကျပ် ၅၄၅၀ အသီးသီးပေါက်ဈေးရှိနေသည်။

မန္တလေးကုန်စည်ဒိုင်၏ ပဲ၊ နှမ်းပေါက်ဈေးများမှာပစ္စည်းအရည်အသွေးနှင့်ဝယ်လိုအား၊ ရောင်းလိုအားပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲဖြစ်နိုင်၍ ဈေးအတက်အကျကိုလည်း ကုန်သည်ပွဲစားများမှထိန်းသိမ်းကာ သတင်းထုတ်ပြန်မှုများ ကြောင့် နေ့စဉ်ပေါက်ဈေးများမှာ အပြောင်းအလဲရှိနိုင်ကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ဟိုင်းကြီးကျွန်းမြို့မှ ထွက်ရှိသော ပန်းခရုများ အရောင်းအဝယ်ကောင်း



ယခုနှစ် ခရုရာသီအစတွင် ဟိုင်းကြီးကျွန်းမြို့မှထွက်ရှိသည့် ပန်းခရုများ အရောင်းအဝယ်ကောင်းမွန်ကြောင်း ခရုလုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံက သိရသည်။

ခရုလုပ်ငန်းအား နှစ်စဉ်အောက်တိုဘာလမှဧပြီလအထိ လုပ်ကိုင်ကြသော်လည်း ယခုနှစ်တွင် ဈေးကွက်လိုအပ်ချက်အရ ရာသီစောကာ လုပ်ငန်းခွင်ဝင်ကြပြီး ပင်လယ်လုပ်ငန်းများတွင် အရင်းအနှီးနည်းကာ လက်ရှိတွင် ဝင်ငွေတွက်ခြေကိုက်နေသည့် လုပ်ငန်းလည်းဖြစ်သဖြင့် လုပ်ငန်းရှင်အများစုမှာ တစ်နိုင်တစ်ပိုင်လုပ်ကိုင်လာကြသည်။

“ကျွန်တော်တို့ ခရုလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ယခုလိုရာသီအစမှာ ခရုဈေးကောင်းနေတဲ့အတွက် အဆင်ပြေကြပါတယ်။ ခရုလုပ်ငန်းက ပင်လယ်လုပ်ငန်းများထဲမှာ အရင်းအနှီးအနည်းဆုံးနဲ့ လုပ်ငန်းအကျိုးအမြတ်ရရှိတဲ့ လုပ်ငန်းတစ်ခု လည်းဖြစ်ပါတယ်။ ခရုဖမ်းတာက ပင်လယ်ရေအောက် သဲနုန်းအစပ်တွေကိုရှာဖွေပြီး မြှုံးထောင်ဖမ်းဆီးကြရပါတယ်။ ခရုဖမ်း လှေတစ်စင်းကို မြှုံးအလုံးရေ ၂၀၀ မှ ၆၀၀ အထိပါရှိကြပြီး အချို့လှေကြီးများမှာ မြှုံးအလုံးရေ ၁၀၀၀ ကျော်အထိ လုပ်ကိုင် ကြပါတယ်၊ အခုလက်ရှိမှာ ကျွန်တော်တို့ဒေသ ပတ်ဝန်းကျင်ရေပြင်မှာ ခရုက ရှာဖွေဖမ်းဆီးလို့ရနေသေးတော့ လုပ်ငန်းရှင်တွေ အဆင်ပြေကြပါတယ်”ဟု လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောသည်။

လက်ရှိတွင် ပန်းခရုများမှာ အလုံးအသေး၊ အကြီးအလိုက် ဈေးကောင်းရရှိနေပြီး ခရုဖမ်းလှေတစ်စင်း တစ်ရက်လျှင် ခရု ပိဿာ ၁၀၀ မှ ၃၀၀ အထိရရှိနေပြီး သုံးရက်လျှင်တစ်ကြိမ် ကမ်းခြေသို့ဝင်ရောက်ကာ အရောင်းအဝယ်ပြုလုပ်ကြပြီး အရောင်း အဝယ်ကောင်းမွန်နေသည့်အတွက် လုပ်ငန်းလုပ်ကိုင်သူများလည်း အဆင်ပြေလျက်ရှိကြောင်း၊ ခရုမြှုံးထောင်သည့်လုပ်ငန်း သည် လုပ်ငန်းတွက်ခြေကိုက်သည့် လုပ်ငန်းဖြစ်သဖြင့် ယခုနှစ်တွင် ယခင်နှစ်ကထက် ခရုလုပ်ငန်းလုပ်ကိုင်သူ ပိုမိုများလာ ကြောင်းသိရသည်။

**Source :** https://www.myawady.net.mm/

## မန္တလေးကျောက်စိမ်းဈေးကွက် ရောင်းလိုအားများပြီး အဝယ်ပျောက်နေ



မန္တလေးကျောက်စိမ်းဈေးကွက်အတွင်း ရောင်းလိုအားသာများနေပြီး၊ အဝယ်မရှိသလောက်နီးပါး ပျောက်နေကြောင်း၊ ကျောက်ဝိုင်းအမှီပြု လုပ်ကိုင်စားသောက်ကြသူများထံက သိရပါတယ်။

ယမန်နှစ် တရုတ်နှစ်သစ်ကူးမတိုင်ခင်ကတည်းက ဝယ်လက်ပျောက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့ကဆိုပါတယ်။

“အရောင်းအဝယ်မဖြစ်ဘူးခင်ဗျ၊ ဖြတ်လျှောက်တွေပဲများတာ၊ လူစည်ပြီးအလုပ်မဖြစ်တဲ့အခြေအနေပါ၊ မနှစ်က တရုတ်နှစ်ကူးမတိုင်ခင်ကတည်းက အဝယ်ပျောက်တာ အခုအထိပဲ၊ နှစ်ကူးပြီးလို့ မတ်လထဲကောင်းလာမလားမှတ်တယ်၊ မကောင်းလာဘူး၊ သင်္ကြန် အပြီးမှာလည်း ကောင်းမလာဘူး၊ အခုထိလည်း ဝယ်လက်ပျောက်နေတုန်းပဲ”ဟု မြို့ခံဝါရင့် ကျောက်ကုန်သည်တစ်ဦးက ပြောပါတယ်။

လက်ရှိအခြေအနေအရ ဈေးကွက်အလွန်အေးပြီး အဝယ်မလိုက်သဖြင့် အရောင်းအဝယ်ဖြစ်လျှင်တောင်မှ ဈေးနှိမ်ခံရကြောင်း၊ ကျောက်စိမ်း အကြမ်းရောအချောပါ၊ အရောင်းအဝယ်မဖြစ်သလောက် အခြေအနေမှာရှိကြောင်းလည်း ၎င်းတို့က ဆိုပါတယ်။

မန္တလေးမြို့မှာ ကျောက်စိမ်းရောင်းဝယ်ဖောက်ကားမှုနှင့်ပတ်သက်ပြီး၊ ကျောက်ဝိုင်း မဟာအောင်မြေကျောက်မျက်ရတနာဈေးနှင့် ဒိုင်းမွန်းပလာဇာအပေါ်ထပ်တို့တွင် ရောင်းဝယ်ဖောက်ကားလုပ်ကိုင်နေကြခြင်းဖြစ်ပြီး၊ ၂၀၂၁ ခုနှစ်နောက်ပိုင်း အရောင်းအဝယ်ထက်ဝက်မက ကျဆင်းခဲ့ကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## ပြည်တွင်း၌ စက်မှုဇုန်၂၈ ခု လည်ပတ်နေ



ပြည်တွင်းမှာ လည်ပတ်လုပ်ကိုင်နေတဲ့ စက်မှုဇုန် ၂၈ ခု ၊ စက်မှုရပ်ကွက် ၅ ခုနဲ့ တည်ဆောက်ဆဲစက်မှုဇုန် ၂ ခုရှိတယ်လို့ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကနေ သိရပါတယ်။

နိုင်ငံတော်ရဲ့ ထုတ်ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဟာ စက်မှုဇုန်တွေဖွံ့ဖြိုးတိုးတက်မှုအပေါ်မှာ များစွာမူတည်နေတဲ့အတွက် အသစ်ဖော်ဆောင်မဲ့ စက်မှုဇုန်တွေကို စနစ်တကျဖော်ဆောင်နိုင် တည်ထောင်မဲ့ စက်မှုဇုန်တွေကိုလည်း စနစ်တကျဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမယ်လို့ ဆိုပါတယ်။

စက်မှုဇုန်တွေတည်ထောင်ရာမှာ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးနဲ့ စွန့်ပစ်ပစ္စည်းတွေပြန်လည်သန့်စင်ရေးကိုလည်း အလေးပေးဆောင်ရွက်ရမှာဖြစ်တဲ့အတွက် စက်မှုဇုန်နဲ့စက်မှုလုပ်ငန်းရှင်တွေအနေနဲ့ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဖို့ ဥပဒေ၊ နည်းဥပဒေနဲ့အမိန့်ညွှန်ကြားချက်တွေကို သေချာစွာလိုက်နာဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။

**Source :** https://onenewstvchannel.com/

## မဲဇလီဖူးများ ဈေးကောင်းရမှုကြောင့် အချဉ်သိပ်သိုလှောင်သူများလာ



မဲဇလီဖူးများဈေးကောင်းရရှိခဲ့မှုကြောင့် တန်ဆောင်တိုင်ရာသီအမီ အချဉ်သိပ်ကာသိုလှောင်သူအများအပြားရှိလာကြောင်း မန္တလေးဒေသခံများက ပြောပါတယ်။

တန်ဆောင်မုန်းလပြည့်နေ့တွင် မဲဇလီဖူးသုပ်စားသုံးသည့် ရိုးရာဓလေ့ကြောင့် ယမန်နှစ်က မဲဇလီဖူးများ ဈေးကောင်းရရှိခဲ့ခြင်းဖြစ်ပါတယ်။ “အခုကတည်းကစပြီး လှောင်နေကြပြီ။ အရင်နှစ်က ဈေးကောင်းတော့ ဒီနှစ်မှာ လိုက်ပြီးလှောင်တဲ့သူတွေများလာတယ်။ အနားကပ်မှဆိုရင် ရဖို့မလွယ်တော့ဘူး”ဟု အောင်မြေသာစံမြို့နယ်မှ မဲဇလီဖူးသိုလှောင်သူတစ်ဦးက ပြောပါတယ်။

မဲဇလီဖူးများကို ကာလကြာရှည်ထားနိုင်ရန်အတွက် စဉ့်အိုးများဖြင့်အချဉ်သိပ်ကာ သိုလှောင်ထားကြခြင်းဖြစ်ပါတယ်။ ယမန်နှစ်က တန်ဆောင်တိုင်ကာလတွင် မဲဇလီဖူးတစ်ပိဿာကို ငွေကျပ် ၁၅,၀၀၀ မှ ၂၀,၀၀၀ အထိရှိခဲ့ပြီး တစ်ဦးလျှင် ပျမ်းမျှ ၆ သိန်းဝန်းကျင်အထိ ဝင်ငွေရရှိခဲ့ကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## ကုန်ထုတ်လုပ်မှုကြောင့် နယူးဇီလန်နိုင်ငံ၏ GDP သည် သုည ဒသမ ၉ ရာခိုင်နှုန်းကျဆင်း




နယူးဇီလန်နိုင်ငံ၏ စီးပွားရေးသည် ၂၀၂၅ ခုနှစ်ဇွန်လ သုံးလပတ်တွင် သုည ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ယခင်သုံးလပတ်က သုည ဒသမ ၉ တိုးတက်မှုကိုပြောင်းပြန်လှန်ခဲ့ကြောင်း စာရင်းအင်းဌာနက စက်တင်ဘာလ ၁၈ ရက်နေ့ကပြောကြားခဲ့ပါသည်။

စီးပွားရေးလုပ်ငန်းများကျဆင်းမှုသည် ကျယ်ပြန့်ပြီး စက်မှုလုပ်ငန်း ၁၆ ခုအနက် ၁၀ ခုကျ ဆင်းမှုများ ဖြစ်ပေါ်ခဲ့ကာ ကုန်ထုတ်လုပ်မှုနှင့် ဆောက်လုပ်ရေးလုပ်ငန်းများမှ ဦးဆောင်လျက်ရှိသည်။ GDP သည် လွန်ခဲ့သော ၅ လ ပတ်အတွင်း ၄ လပတ်ကျဆင်းခဲ့သည်။

ကုန်ပစ္စည်းထုတ်လုပ်သည့် စက်မှုလုပ်ငန်းသည် ၂ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ကုန်ထုတ်လုပ်မှုတွင် ၃ ဒသမ ၅ ရာခိုင်နှုန်း လျော့သွားကာ သယ်ယူပို့ဆောင်ရေး ပစ္စည်းများ၊ စက်ယန္တယားများနှင့် စက်ကိရိယာများ ထုတ်လုပ်မှုသည် ၆ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းသွား ကြောင်းသိရသည်။

အစားအသောက်၊ယမကာနှင့်ဆေးရွက်ကြီးထုတ်လုပ်မှုသည် ၂ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ဆောက်လုပ်ရေးလုပ်ငန်းသည် ၂၀၂၅ ခုနှစ် မတ်လ ၃ လပတ်အတွင်း ၁ ဒသမ ၂ ရာခိုင်နှုန်း တိုးတက် ခဲ့ပြီး ဇွန်လ ၃ လပတ်တွင် ၁ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

အဓိကစက်မှုလုပ်ငန်းများ သုည ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဝန်ဆောင်မှုလုပ်ငန်းများသည် ဒုတိယ သုံးလပတ်တွင် အပြောင်းအလဲအနည်းငယ်သာ ရှိခဲ့ကြောင်းသိရသည်။

တစ်ဦးချင်း GDP သည် ၂၀၂၅ ခုနှစ် ဇွန်လသုံးလပတ်အတွင်း ၁ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

နို့ထွက်ပစ္စည်း၊ အသားနှင့် အခြားစားသောက်ကုန်များတင်ပို့မှု အားနည်းခြင်းကြောင့် ပို့ကုန် ၁ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း stats NZ က ပြောကြားခဲ့ကြောင်း သိရသည်။

**Source : Xinhua        DOCA (ရန်ကုန်)**  https://www.doca.gov.mm/

## ဂျာမနီသည် ၎င်း၏ စီးပွားရေးတိုးတက်မှုနှုန်းကိုမြှင့်တင်

ဥရောပ၏ အကြီးဆုံးစီးပွားရေးဖြစ်သော ဂျာမနီအနေဖြင့် စီးပွားရေးတိုးတက်မှုနှုန်းကို ၂၀၂၆ ခုနှစ်တွင် သိသာစွာမခံစားရမီ အစိုးရသည် စီးပွားရေးတိုးတက်မှုနှောင့်နှေးရပ်တန့်ခြင်းကို ၂၀၂၅ ခုနှစ်ကတည်းက တဖြည်းဖြည်းရှောင်ရှားနိုင်ရန် မျှော်မှန်းထားသည့်အတွက် ယခင်အစိုးရလက်ထက် ဧပြီလတွင် ခန့်မှန်းထားခဲ့သော ၂၀၂၅ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်း သုည ကို သုည ဒသမ ၂ ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂၀၂၆ ခုနှစ်အတွက် ခန့်မှန်းချက်ဖြစ်သော ၁ ရာခိုင်နှုန်းကို ၁ ဒသမ ၃ ရာခိုင်နှုန်းသို့လည်းကောင်း ၈-၁၀-၂၀၂၅ ရက်တွင် တိုးမြှင့်ခန့်မှန်းခဲ့ကြောင်း သိရသည်။

စီးပွားရေးစွမ်းဆောင်ရည်ကျဆင်းသွားပြီး နှစ်နှစ်ခန့်ကြာပြီးသည့်နောက် ၂၀၂၅ ခုနှစ် ဆောင်းဦးပေါက်တွင် စီးပွားရေး အနည်းငယ်ပြန်လည်နာလန်ထူလာလိမ့်မည်ဟု မျှော်လင့်ထားကြောင်း၊ ၂၀၂၅ ခုနှစ်အကုန် ၂၀၂၆ ခုနှစ်အစတွင် ဖက်ဒရယ် အစိုးရ၏ ဘဏ္ဍာရေးနှင့်စီးပွားရေးအစီအမံများဖြင့် ပံ့ပိုးပေးထားသော ပြည်တွင်းစီးပွားရေးမှာ သွက်လက်အရှိန်အဟုန်ရလာ သင့်ကြောင်းနှင့် ၂၀၂၇ ခုနှစ်အတွက် ဂျာမနီ၏ စီးပွားရေးတိုးတက်မှုနှုန်းကို ၁ ဒသမ ၄ ရာခိုင်နှုန်းခန့်မှန်းထားကြောင်း အစိုးရ၏ ထုတ်ပြန်ချက်တစ်ခုတွင် ဖော်ပြထားသည်။

ထို့ပြင် လာမည့်နှစ်များတွင် စီးပွားရေးတိုးတက်မှု၏ တစ်စိတ်တစ်ဒေသသည် အခြေခံအဆောက်အဦဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့် တိုးမြှင့်ထားသော ကာကွယ်ရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများတွင် ပံ့ပိုးထားသော အထူးရန်ပုံငွေမှရရှိလာမည့် နိုင်ငံတော် ဘဏ္ဍာငွေ၏ ရလဒ်ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း၊ စီးပွားရေးတိုးတက်မှုကို တွန်းအားပေးနိုင်ရေးအတွက် စွမ်းအင်ဈေးနှုန်းများ လျှော့ချရန်နှင့် အခွန်နှုန်းထားများလျှော့ချရန်လိုအပ်ကြောင်းနှင့် တိကျပြတ်သားသော ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ရေးအတွက် သတ္တိရှိရန်လိုအပ်ကြောင်းကို ၈-၁၀-၂၀၂၅ ရက်က ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ စီးပွားရေးဝန်ကြီး Katherina Reiche က ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

ဂျာမနီ၏ ကုန်ထုတ်လုပ်မှုကဏ္ဍသည် စွမ်းအင်ဈေးနှုန်းများမြင့်မားမှု၊ နိုင်ငံတကာဈေးကွက်အတွင်း ယှဉ်ပြိုင်ရမှုနှင့် ဥရောပမှထုတ်ကုန်များအပေါ် အမေရိကန်၏အခွန်စည်းကြပ်မှုအသစ်များ၏ သက်ရောက်မှုများအောက်တွင် ရုန်းကန်နေရကြောင်း၊ ၈-၁၀-၂၀၂၅ ရက် အစောပိုင်းတွင်ထုတ်ပြန်ခဲ့သော တရားဝင်အချက်အလက်များအရ ဩဂုတ်လတွင် စက်မှုထုတ်ကုန် ကဏ္ဍ၌ သိသာစွာကျဆင်းလာကြောင်း၊ အထူးသဖြင့် တရုတ်နိုင်ငံ၏ ပြိုင်ဆိုင်မှုပြင်းထန်သော မော်တော်ကားထုတ်လုပ်မှုနှင့် ရင်ဆိုင်နေရကြောင်း ဖော်ပြချက်အရ သိရသည်။

**Source:** https://www.dw.com/en/germany-raises-economic-growth-projections/ a-74280173

**(သန္တာစော၊ စီးပွားရေးသံမှူး၊ ဘာလင်မြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (17.10.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 17th Oct 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,073 (Shares) | 20,032,500 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +200 | +2.44% | 8,200 | 8,400 | 8,200 | 1,122 | 9,308,900 | 33,109,694 | 278,121 |
| MTSH | 00002 | 3,450 | +0 | +0.00% | 3,450 | 3,450 | 3,450 | 30 | 103,500 | 38,929,150 | 134,306 |
| MCB | 00003 | 8,100 | +200 | +2.53% | 7,900 | 8,100 | 7,900 | 20 | 160,000 | 10,400,986 | 84,248 |
| FPB | 00004 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 464 | 1,160,000 | 29,664,613 | 74,162 |
| TMH | 00005 | 2,750 | +50 | +1.85% | 2,750 | 2,750 | 2,700 | 24 | 65,350 | 12,823,224 | 35,264 |
| EFR | 00006 | 1,900 | +0 | +0.00% | 1,850 | 1,900 | 1,800 | 1,538 | 2,865,300 | 19,977,223 | 37,957 |
| AMATA | 00007 | 3,450 | +50 | +1.47% | 3,400 | 3,450 | 3,400 | 146 | 503,200 | 10,497,598 | 36,217 |
| MAEX | 00008 | 3,350 | -50 | -1.47% | 3,400 | 3,400 | 3,350 | 1,729 | 5,866,250 | 23,804,946 | 79,747 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 17th Oct. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 402.94 | +4.60 | +1.15% | 398.68 | 402.94 | 398.68 | 5,073 | 20,032,500 | 8 | 760,022 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m. 17th Oct. 2025

| Trading Volume | Trading Value |
|---|---|
| 5,081 (Shares) | 20,054,100 (MMK) |

### Main Board

As of 1:00 p.m. 17th Oct. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,073 (Shares) | 20,032,500 (MMK) |

| MYANPIX | 402.94 ▲ 4.60 |
|---|---|
| Total Volume (shares) | 5,073 |
| Total Value (MMK) | 20 mil |
| Listed Company | 8 |
| Market Cap. (MMK) | 760,022 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 200 |
| MTSH | 00002 | 3,450 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 200 |
| FPB | 00004 | 2,500 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 50 |
| EFR | 00006 | 1,900 | ▲ 0 |
| AMATA | 00007 | 3,450 | ▲ 50 |
| MAEX | 00008 | 3,350 | ▼ 50 |